ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

# မြို့ပြများဖွံ့ဖြိုးတိုးတက်လာမှုနှင့် မြို့ပြစီမံကိန်းများအား လေ့လာခြင်း

**အကျဉ်းချုပ်**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည့် အမျိုးသား စီးပွားရေးမူဝါဒ (၁၂) ချက်တွင်ပါဝင်သည့် မူဝါဒ (၉) အရ မြို့ပြနှင့်အိမ်ရာများစနစ်တကျ ဖွံ့ဖြိုး တိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်မှုနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မြို့ပြကျေးရွာဖွံ့ဖြိုးရေးအတွက် စီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြည်သူလူထုအတွက် ကောင်းမွန်ပြည့်စုံ၍ ရေရှည်ဖွံ့ဖြိုးသည့် သဘာဝပတ်ဝန်းကျင်ရှိသော မြို့ပြ ကြီးများလိုအပ်လျက်ရှိနေပါသည်။ ဤစာတမ်းတိုတွင် မြို့ပြများတွင်လူဦးရေတိုးတက်လာခြင်း နှင့်ပြောင်းရွှေ့နေထိုင်လာကြခြင်းအကြောင်းရင်းများ၊ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ ကြမ်းပါရည်ရွယ်ချက်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသည့် New Mandalay Resort City စီမံကိန်းနှင့် Eco Green City စီမံကိန်းများ၊ မြို့ပြများရေရှည်ဖွံ့ဖြိုးတိုးတက် စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မြို့ပြဖွံ့ဖြိုးလာမှုကြောင့် ရင်ဆိုင်နေရသောစိန်ခေါ်မှုနှင့်အခက်အခဲများကို ကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရန်ရည်ရွယ်၍ ဤစာတမ်းကိုရေးသားပြုစုထားပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ

**စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

၁။ နိဒါန်း ........ ၁

၂။ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း........ ၁

၃။ မြို့ပြများတွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့် ပြောင်းရွှေ့နေထိုင်လာကြခြင်း အကြောင်းရင်းများ........ ၂

(က) မြို့ပြများ၏ လူဦးရေတိုးတက်မှုနှုန်း ........ ၂

(ခ) လူဦးရေတိုးတက်လာနိုင်မှု မျှော်မှန်းချက် ........ ၄

(ဂ) မြို့ပြများသို့ ပြောင်းရွှေ့ကြခြင်းအကြောင်း ........ ၄

(ဃ) မြို့ပြများသို့ ပြောင်းရွှေ့မှုများ........ ၅

၄။ မြို့ပြစီမံကိန်းများရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံအချက်များ........ ၅

၅။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြများဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေမှုများ........ ၆

၆။ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့ပြစီမံကိန်းများ ........ ၆

(က) မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း (၂၀၄၀) ........ ၆

(ခ) 4 Mega Projects တွင်ပါဝင်သည့် မြို့ပြစီမံကိန်းများ ........ ၇

၇။ New Mandalay Resort City စီမံကိန်း........ ၈

၈။ Eco Green City စီမံကိန်း........ ၁၀

၉။ Eco Green City စီမံကိန်းမှရရှိနိုင်သည့် အကျိုးကျေးဇူးများ........ ၁၃

၁၀။ မြို့ပြများရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ........ ၁၄

၁၁။ မြို့ပြများကြီးထွားလာခြင်း၏ အားသာချက်နှင့် အားနည်းချက်များ ........ ၁၅

၁၂။ မြို့ပြဖွံ့ဖြိုးလာမှုကြောင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုနှင့်အခက်အခဲများ ..........................၁၆
၁၃။ နိဂုံး ........................................................................................................................၁၇

## နိဒါန်း

၁။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ဧပြီလအထိကောက်ယူထားသည့် သန်းခေါင်စာရင်းအရ လူဦးရေ ၅၄.၃၄ သန်းရှိပြီး ကျေးလက်ဒေသတွင် ၃၈.၁၅ သန်းကျော်ခန့် (၇၀%) နေထိုင်၍ မြို့ပြတွင် ၁၆.၁၉ သန်းခန့် (၃၀%) နေထိုင်လျက်ရှိပါသည်။[1] ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ မြို့ပြနေလူဦးရေသည် ၂၀.၄ သန်းခန့်ဖြစ်လာနိုင်ပြီး လူဦးရေစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာမည်ဟု ခန့်မှန်းသိရှိရပါသည်။[2] ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ပြများဖွံ့ဖြိုးတိုးတက်ရေးကိုမျှော်မှန်း၍ မြို့ပြစီမံကိန်းပုံစံများ ကြိုတင်ရေးဆွဲထားခြင်း၊ လူမှုစီးပွား အခြေခံ အဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များချမှတ်ခြင်း၊ လူအများဝယ်ယူနိုင်သည့် အိမ်ရာများဖြည့်ဆည်းပေးခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။[3]

၂။ မြို့ပြဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် နိုင်ငံတကာ၌ Urban Planning Act ဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်ကြပါသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း မြို့ပြကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လိုအပ်လျက်ရှိပါသည်။[4]

## မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ပြစီမံကိန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် "မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း" ကိုရေးဆွဲ၍ လွှတ်တော်သို့တင်သွင်းခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းကို ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့က အစီရင်ခံစာတင်သွင်းဖတ်ကြားခဲ့ပါသည်။

[1] www.dop.gov.mm မှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[2] မြို့သစ်တိုးချဲ့ခြင်းကြောင့် နောင်တွင် အရည်အသွေးမြင့်အခြေခံအဆောက်အအုံများနှင့် အစားထိုးဖြည့်ဆည်းပေးမည်ဆိုပါက ခက်ခဲလိမ့်မည်ဟုဆို၊ https://www.buildersguide.com.mm/en/news/mixed-use-and-urban/item/2454-urban.html မှကောက်နုတ်ရရှိပါသည်။

[3] ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် UN-Habitat အဖွဲ့အစည်းတို့ ပူးပေါင်းရေးဆွဲထားသည့် Urban Planning for City Leaders စာအုပ်၏ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမှာစာမှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[4] နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် http://moigovnews.blogspot.com/2014/11/blog-post_423.html မှကောက်နုတ်ထားပါသည်။

ဥပဒေကြမ်းတွင် အခန်း (၁၇) ခန်းနှင့် ပုဒ်မပေါင်း ၆၁ ခုပါဝင်ပြီး ယင်းဥပဒေ အခန်း (၂) ပုဒ်မ ၃ တွင် ပါရှိသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်သူများအတွက် ရေရှည် ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီး သဘာဝဘေးဒဏ်ခံနိုင်သည့် ဘက်စုံကောင်းမွန်သော မြို့ပြများ တည်ထောင်နိုင်ရန်၊

(ခ) နိုင်ငံတော်အတွင်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် လျော့ချနိုင်စေရန်အတွက် ဘက်ညီမျှသော မြို့ပြများစနစ်တကျထူထောင်တည်ဆောက်ရန်၊

(ဂ) လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဦးတည်ရေးဆွဲထားသော ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများနှင့်မြေအသုံးချမှုကို အခြေခံသည့် ဒေသဆိုင်ရာစီမံကိန်းများကို ပေါင်းစပ်၍ အခြေချနေထိုင်ရာ မြို့ပြဒေသများ စနစ်တကျဖော်ဆောင်နိုင်ရန်ဖြစ်ပါသည်။

၄။ ဥပဒေကြမ်းတွင် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ လျှပ်စစ်၊ စွမ်းအင်၊ သတ္တုနှင့် သစ်တော၊ စက်မှု လက်မှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးအစရှိသည့် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများနှင့်ချိတ်ဆက်မှုရှိသော မြို့ပြနှင့်ဒေသစီမံကိန်း ရေးဆွဲခြင်းစသည့်အချက်များ ပါဝင်ပါသည်။ အဆိုပါဥပဒေပြဋ္ဌာန်းပြီးပါက "မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)" (MSDP)၏ ရည်ရွယ်ချက်များနှင့်အညီ ဖော်ဆောင်နိုင်မည်ဖြစ်ပြီး လိုအပ်လာမည့်မြို့ပြမြေများ ဖော်ထုတ်ရာတွင်လည်း မြေအသုံးချမှုမူဝါဒနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။[5]

၅။ ယခင်က မြို့ပြကျေးရွာဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသော်လည်း သက်ဆိုင်သည့်ဥပဒေများအဖြစ် -

(က) ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေးအဖွဲ့အက်ဥပဒေနှင့်

[5] ဒုတိယအကြိမ်၊ အမျိုးသား လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ မှတ်တမ်း၊ https://tinyurl.com/yxmsw9n7 မှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (၂၄/၂၀၁၆) တို့ကိုပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## မြို့ပြများတွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့် ပြောင်းရွှေ့နေထိုင်လာကြခြင်း အကြောင်းရင်းများ

၆။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြများဖွဲ့စည်းတည်ရှိမှုပုံသဏ္ဍာန် မှာတိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ အထူးသဖြင့် မြို့ပြများ၏ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးကဲ့သို့သောကဏ္ဍကြီးများအတွက် များစွာအထောက်အကူ ပြုလျက်ရှိပါသည်။[6] မြို့ပြများသို့ ပြောင်းရွှေ့ခြင်းများနှင့်အတူ လူနေမှုအဆင့်အတန်းမြင့်မား လာရန်၊ တိုးတက်ထွန်းကားလာသည့် နည်းပညာရပ်များကိုအသုံးချနိုင်ရန်၊ ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကမ္ဘာနှင့်အဝှမ်း ချိတ်ဆက်လုပ်ကိုင်နိုင်ရန်တို့အတွက် မြို့ပြများတွင် နေထိုင်ရန် မလွဲမသွေလိုအပ်လာပါသည်။ မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှုနှင့် လူဦးရေများပြားလာမှု ဖြစ်စဉ်တွင် ကျေးလက်ဒေသမှ မြို့ပြသို့ပြောင်းရွှေ့မှုများသည် ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၉၀ ပြည့်နှစ် တို့တွင် သိသာထင်ရှားခဲ့ပါသည်။[7]

(က) **မြို့ပြများ၏ လူဦးရေတိုးတက်မှုနှုန်း။** မြို့ပြများရှိ လူဦးရေတိုးတက်မှုနှုန်းကို ဆန်းစစ်ကြည့်ပါက ၁၉၈၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ် ၃၀ အတွင်းတွင် မူဆယ်၊ ဖားကန့်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် မြစ်ကြီးနားအစရှိသည့်မြို့ကြီးများ တွင် လူဦးရေ ၄ ဆမှ ၁၀ ဆအထိတိုးတက်၍ ထားဝယ်၊ ကလေး၀၊ ကျောက်တော်၊ လက်ပံတန်း၊ မြင်းခြံ၊ သရက်၊ ကျိုင်းတုံ၊ လေးမျက်နှာ၊ တမူး၊ မိုးကုတ်နှင့် ရွှေဘိုမြို့ တို့တွင် လူဦးရေအနည်းငယ်သာ တိုးတက်ကြပြီး စစ်တွေ၊ ဖလမ်း၊ မချမ်းဘော၊ မောင်တော၊ ဘူးသီးတောင် အစရှိသည့်မြို့များမှာမူ ၁၉၈၃ ခုနှစ်ကထက် လျော့ကျ

[6] လူဦးရေတိုးပွားလာမှုနှင့် မြို့ ပြများ၏အခန်းကဏ္ဍ https://www.moi.gov.mm/npe/?q=article/20/07/2015/id-26387 မှကောက်နုတ်ထားပါသည်။

[7] Jayde Roberts၊ Asia Foundation မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ အကျဉ်းချုံးစာတမ်း၊ https://www.themimu.info/sites/themimu.info/files/documents/Report_Urban_Safety_Brief_Series_TAF_MMR.pdf မှကောက်နုတ်ထားပါသည်။

နေသည်ကို ထူးခြားဖွယ်တွေ့ရှိရပါသည်။[8] လူဦးရေထူထပ်မှု အများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၇၃ ခုနှစ်က တစ်စတုရန်း ကီလိုမီတာလျှင် ၃၁၀ ဦး၊ ၁၉၈၃ ခုနှစ်တွင် တစ်စတုရန်းကီလိုမီတာမှာ ၃၈၇ ဦးရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၇၁၆ ဦး အထိတိုးမြင့်လာပါသည်။ ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေထူထပ်မှုသည် နိုင်ငံ တစ်ဝှမ်း လူဦးရေထူထပ်မှု (တစ်စတုရန်း ကီလိုမီတာလျှင် ၇၆ ဦး) နှင့်နှိုင်းယှဉ်လျှင် ၉ ဆခန့်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ဒုတိယနှင့် တတိယအများဆုံးအဖြစ် ဧရာဝတီတိုင်းတွင် တစ်စတုရန်းကီလိုမီတာလျှင် ၂၀၀ ဦး၊ မန္တလေးတိုင်းတွင် တစ်စတုရန်းကီလိုမီတာလျှင် ၁၇၇ ဦးဖြစ်ပါသည်။

(ခ) **လူဦးရေတိုးတက်လာနိုင်မှု မျှော်မှန်းချက်** ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၇.၄ သန်းခန့်နေထိုင်လျက်ရှိရာမှ နှစ်စဉ် လူဦးရေတိုးပွားနှုန်း ၂.၆ ရာခိုင်နှုန်းအရ ၂၀၆၅ ခုနှစ်တွင် ၂၇.၂ သန်းခန့် (လူဦးရေ သန်း ၂၀ ခန့် တိုးပွား)ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားသည်ကိုသိရှိရပါသည်။[9]

(ဂ) **မြို့ပြများသို့ ပြောင်းရွှေ့ကြခြင်းအကြောင်း။** မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် များနှင့်အတူ ပြည်တွင်းမငြိမ်သက်မှုများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့ရမှုများကြောင့် ကျေးလက်နေပြည်သူများ မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။[10] မြို့ကြီးများတွင်ရရှိနိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားအခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၏ ဆွဲဆောင်မှုကြောင့် မြို့ပြသို့ ပြောင်းရွှေ့မှုဖြစ်စဉ်များသည် ကျူးကျော်မှုများနှင့်

[8] ကျော်လင်း(ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ မှကောက်နုတ်ထားပါသည်။

[9] ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်ထားသည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း နောက်ဆုံးအစီရင်ခံစာ (၁) http://open_jicareport.jica.go.jp/pdf/1000038958.pdf မှ ကောက်နုတ်ထားပါသည်။

[10] ဆင်းရဲနွမ်းပါးမှုနှင့် မြို့ပြကျေးလက်ဖွံ့ဖြိုးမှု ကွာဟခြင်း Oct 18, 2017 https://news-eleven.com/editorials/17067 မှကောက်နုတ်ထားပါသည်။

အဆင့်မမီအိမ်ရာများ စဉ်ဆက်မပြတ်တိုးပွားမှုကို ဖြစ်ပေါ်စေပါသည်။[11] သာဓကအားဖြင့် ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ခြင်း၊ နိုင်ငံတကာထွက်ပေါက်မြို့ (လေဆိပ်မြို့)ဖြစ်ခြင်း၊ ဆိပ်ကမ်းမြို့ဖြစ်ခြင်းတို့အပြင် စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးအပါအဝင် အခြားလူမှုကိစ္စများကို ဖြည့်ဆည်းပေးနိုင်သည့် မြို့ဖြစ်သဖြင့်ကျန်မြို့များထက် ရွှေ့ပြောင်းရောက်ရှိလာသူ ဦးရေနှုန်းထား ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။[12]

**(ဃ) မြို့ပြများသို့ ပြောင်းရွှေ့မှုများ**။ ရန်ကုန်မြို့၏တိုးတက်များပြားလာသော လူဦးရေတွင် ၈၁ ရာခိုင်နှုန်းမှာ ရွှေ့ပြောင်းအခြေချသူများဖြစ်ပါသည်။ ပြည်တွင်းရွှေ့ပြောင်းမှုအများဆုံးမြို့နယ် ၂၀ စာရင်းတွင် ၁၉ ခုမှာ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များဖြစ်ပြီး ရွှေ့ပြောင်းသူအများဆုံးနေရာမှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) စာရင်းများအရသိရှိရပါသည်။ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပြည်တွင်းရွှေ့ပြောင်းမှုများတွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့မှုမှာ ၄၃ ရာခိုင်နှုန်းဖြစ်ပြီး ၁၂.၅ ရာခိုင်နှုန်းမှာ မန္တလေးမြို့သို့ ပြောင်းရွှေ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။[13]

## မြို့ပြစီမံကိန်းများရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံအချက်များ

၇။ မြို့ပြစီမံကိန်းများ၊ ကျေးရွာစီမံကိန်းများရေးဆွဲရာတွင် လူဦးရေ၊ တည်နေရာအကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ပထဝီဝင်အနေအထား၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လက်ရှိအိမ်ရာအဆောက်အအုံများ၏ အခြေအနေ၊ သဘာဝအရင်းအမြစ်များနှင့် ထူးခြားသည့်ဝိသေသလက္ခဏာများ(သမိုင်းဝင်မြို့များဖြစ်သည့် ပုဂံ၊ မြောက်ဦး၊

[11] နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် http://moigovnews.blogspot.com/2014/11/blog-post_423.html မှကောက်နုတ်ထားပါသည်။

[12] ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များမှ ကောက်နုတ်ထားပါသည်။

[13] ကမ္ဘာ့ဘဏ်ပြောသော မြန်မာ့မြို့ပြဖြစ်ထွန်းမှု http://mediaone.com.mm/36212 မှကောက်နုတ် ထားပါသည်။

ဗိဿနိုးမြို့ဟောင်း)၊ ခရီးသွားလုပ်ငန်းအထူးပြုမြို့၊ အုပ်ချုပ်မှုမြို့ (တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များ)၊ နယ်စပ်ကုန်သွယ်ရေးမြို့စသည့်အချက်များကို အဓိကထည့်သွင်း စဉ်းစားဆောင်ရွက် ပါသည်။

၈။ ထို့အပြင် မြို့ပြစီမံကိန်းရေးဆွဲမည့်ဒေသ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်အရင်းအမြစ်များ၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ မူဝါဒနှင့်အကောင်အထည်ဖော်မည့် အဖွဲ့အစည်း များ၊ ဒေသခံပြည်သူများ၏ လက်ခံနိုင်မှုအခြေအနေများအပေါ် မူတည်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ကိုက်ညီအောင် ရေးဆွဲရပါသည်။[14]

## ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြများဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေမှုများ

၉။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ပြနှင့်အိမ်ရာကဏ္ဍအတွက် "တစ်နိုင်ငံလုံးရှိ မြို့ရွာများ ဟန်ချက်ညီညီစဉ်ဆက်မပြတ် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မြို့ပြစနစ်ပေါ်ထွန်းရန်" ဟူ၍ Vision 2030 ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ Vision 2030 အောင်မြင်ရန် UN- HABITAT နှင့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ် (University of Cologne)မှ အကူအညီပေးလျက်ရှိပါသည်။

၁၀။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုစီးပွားရေးဖွံ့ဖြိုးနိုင်သည့် မြို့ (၉၆) မြို့ကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲထားပြီးဖြစ်ပါသည်။[15] ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် ဖွံ့ဖြိုးမှုဗဟိုပြုမြို့ကြီးများဖြစ်သည့် မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့ကိုအခြေပြု၍ ရေးဆွဲ လျက်ရှိပါသည်။ ပင်လယ်ရေနက်ဆိပ်ကမ်းရှိသော အထူးစီးပွားရေးဇုန်များဖြစ်သည့် ကျောက်ဖြူ၊ ရန်ကုန် သီလဝါ၊ မော်လမြိုင်၊ ထားဝယ် စသည့်မြို့ကြီးများနှင့် စီးပွားရေးစကြံန်မြို့များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ကျောက်ဖြူ၊ လားရှိုး၊ မူဆယ်၊ ရေတ်ကောင်း၊ ပုသိမ်၊ ပဲခူး၊ ဘားအံ၊ မြဝတီ အစ

---

[14] ကျော်လင်း(ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ မှကောက်နုတ်ထားပါသည်။

[15] ကျော်လင်း(ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ မှကောက်နုတ်ထားပါသည်။

ရှိသည့်မြို့ကြီးများကိုချိတ်ဆက်၍ ဒေသဖွံ့ဖြိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ရေးဆွဲထားပြီးဖြစ်ပါသည်။[16]

## အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့ပြစီမံကိန်းများ

၁၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီဖြင့် မြို့ပြစီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှာ -

**(က) မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း (၂၀၄၀)**။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ပူးပေါင်း၍ "မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (၂၀၄၀)" ကို ၂၀၁၂ -၂၀၁၃ ခုနှစ်တို့တွင် ရေးဆွဲခဲ့ပါသည်။ ရန်ကုန်မြို့၏အနာဂတ်မျှော်မှန်းချက်အတွက် "နောက်ဆုံးအခြေအနေများနှင့် ကိုက်ညီသောမဟာရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရေးဆွဲခြင်းစီမံကိန်း"ကို ၂၀၁၆ ခုနှစ်က ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ အဆိုပါစီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၄၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၂၅ နှစ်သတ်မှတ်၍ ရေရှည်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။[17]

**(ခ) 4 Mega Projects တွင်ပါဝင်သည့် မြို့ပြစီမံကိန်းများ။**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် 4 Mega Projects စီမံကိန်းကြီး (၄) ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ -

(၁) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ New Mandalay Resort City

(၂) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ Eco Green City

---

[16] မင်းအိမ်ရာ၊ မြို့ပြမှသည် ကျေးလက်ဆီသို့၊ Apr 5, 2019 https://tinyurl.com/yxrpkjyd မှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[17] ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်ထားသည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း နောက်ဆုံးအစီရင်ခံစာ (၁) http://open_jicareport.jica.go.jp/pdf/1000038958.pdf မှ ကောက်နုတ်ထားပါသည်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ Korea Myanmar Industry Complex

(၄) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Smart District တို့ဖြစ်ပါသည်။[18]

4 Mega Projects စီမံကိန်းကြီး (၄) ခု အနက် (၂) ခုမှာ မြို့ပြစီမံကိန်းများဖြစ်ပါသည်။ အဆိုပါ ပြည်ထောင်စုအဆင့်စီမံကိန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်လျက်ရှိပါသည်။[19]


---

[18] ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်းကြီး (၄) ခု (4 Mega Projects)၊ http://www.construction.gov.mm/index.php/projects/civilprojects/item/download/47_01108db4233842c981cdc174f8012452 မှကောက်နုတ်ထားပါသည်။

[19] ကျော်ဖြိုးသာ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီး ၄ ခု အစိုးရထုတ်ပြန်၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၆ ရက်၊ https://burma.irrawaddy.com/business/2018/05/26/159563.html မှကောက်နုတ်ထားပါသည်။

## New Mandalay Resort City စီမံကိန်း


၁၂။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် အကောင်အထည်ဖော်မည့် New Mandalay Resort City (ရတနာပုံမြို့သစ်စီမံကိန်း) သည် ဧရိယာစုစုပေါင်း ၉၈၉၃ ဧကခန့်ကျယ်ဝန်း၍ မန္တလေး-မူဆယ်ကားလမ်း(AH-1)မိုင်တိုင်အမှတ်(၂၁) မိုင်အနီးတွင်တည်ရှိပါသည်။[20] ရတနာပုံမြို့သစ်စီမံကိန်းကို တပ်မတော်အစိုးရလက်ထက်က ရတနာပုံဆိုက်ဘာစီးတီးအမည်ဖြင့် အကောင်အထည်ဖော်ခဲ့သော်လည်း ရတနာပုံတယ်လီပို့အမည်ရှိ နည်းပညာတက္ကသိုလ်သာဖွင့်လှစ်နိုင်ခဲ့ပြီး အခြားစီမံကိန်းများကိုရပ်ဆိုင်းခဲ့ပါသည်။ လက်ရှိအစိုးရလက်ထက်မှ ရတနာပုံမြို့သစ်စီမံကိန်းကို ပြန်လည်ဆောင်ရွက်ရန်စီစဉ်ခဲ့ပြီး အဆင့် (၃) ဆင့်ခွဲ၍ အဆင့် (၁) နှင့် (၃) ကို ပြည်ထောင်စုအစိုးရကလည်းကောင်း၊ အဆင့် (၂) ကို မန္တလေးတိုင်းအစိုးရကလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ရတနာပုံမြို့သစ်စီမံကိန်းကို မြန်မာနိုင်ငံ၏ နည်းပညာဗဟိုအချက်အခြာမြို့အဖြစ် ဖော်ဆောင်မည်ဖြစ်ပါသည်။ [21]




**New Mandalay Resort City အဆိုပြုစီမံကိန်းပုံစံ**

[20] ကျော်ဖြိုးသာ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီး [illegible] https://burma.irrawaddy.com/business/2018/05/26/159563.html မှကောက်နုတ်ထားပါသည်။

[21] New Mandalay Resort City ပရောဂျက်ကို ၂၀၁၉ တွင်စတင်မည်၊ Sep 12, 2018 https://www.buildersguide.com.mm/my/latest-project/item/2103-new-mandalay-resort-city-will-be-started-at-2019.html မှကောက်နုတ်ထားပါသည်။




**New Mandalay Resort City အဆိုပြုစီမံကိန်း အဆင့် (၁)**




**New Mandalay Resort City အဆိုပြုစီမံကိန်း အဆင့် (၂)**





**New Mandalay Resort City အဆိုပြုစီမံကိန်း အဆင့် (၃)**

## Eco Green City စီမံကိန်း

၁၃။ Eco Green City ဆိုသည်မှာ ကာဗွန်ထုတ်လုပ်ခြင်းကို ပြန်လည်သန့်စင်မည့် ပတ်ဝန်းကျင်ရှိခြင်း၊ သဘာဝအလင်းရောင်ကိုအသုံးပြုခြင်းနှင့် ဓါတ်လောင်စာသုံးစွဲမှုလျှော့ချခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်မြို့ပြဖြစ်ပါသည်။[22] ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် အကောင်အထည်ဖော်မည့် Eco Green City စီမံကိန်းသည် လက်ရှိအစိုးရ၏ ပထမဆုံးတည်ဆောက်မည့် မြို့သစ်စီမံကိန်းကြီးတစ်ခုဖြစ်ပါသည်။[23]

၁၄။ Eco Green City စီမံကိန်းသည် ဧရိယာ ၁၄၅၃ ဧက ကျယ်ဝန်းပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အတွင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး၊ တည်ဆောက်လျက်ရှိသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းနှင့် (၁၀) မိုင်ခန့်အကွာတွင် တည်ရှိပါသည်။[24] စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၅-၃-၂၀၁၆ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Alliance Stars Group of Companies တို့ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။





[22] ထွန်းထွန်းမင်း၊ မေးခွန်းများစွာနှင့် မြို့သစ်စီမံကိန်း၊ ၁၅-၂-၂၀၁၈ http://www.7daydaily.com/story/120315?fbclid=IwAR3m6tn55dtv5ICVg5qUL4HAcdBWrud27d2EG4wImxbyP3-brGWrZ1EwBt0 မှကောက်နုတ်ထားပါသည်။

[23] Eco-Green City to be Implemented by Three Phases, 15 JAN 2019, https://www.mmbiztoday.com/articles/eco-green-city-be-implemented-three-phases မှကောက်နုတ်ထားပါသည်။

[24] ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်းကြီး (၄) ခု (4 Mega Projects)၊ http://www.construction.gov.mm/index.php/projects/civilprojects/item/download/47_01108db4233842c981cdc174f8012452 မှကောက်နုတ်ထားပါသည်။

## Eco Green City စီမံကိန်း တည်နေရာပြမြေပုံ

၁၅။ စီမံကိန်းတွင် လူမှုစီးပွားအခြေခံ အဆောက်အအုံများအပြင် Media Village၊ Recreation Center များ၊ နိုင်ငံတကာအဆင့်မီ Resort၊ နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ Convention Center၊ Research Center များ၊ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များ၊ စိုက်ပျိုးရေးနည်းပညာသုတေသနနှင့် ရုက္ခဗေဒဥယျာဉ် (Agro Park)၊ ရပ်ဝေးရပ်နီးခရီးသွားပြည်သူများ ခေတ္တရပ်နား၍ ဈေးဝယ်ယူနိုင်မည့် Outlet Mall တို့ကို ဆောက်လုပ်သွားမည်ဖြစ်ပါသည်။[25]




**Eco Green City မြေအသုံးချမှုပုံစံ**

၁၆။ Eco Green City စီမံကိန်းမှ အကျိုးအမြတ် ၅ % ကို လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း(Corporate Social Responsibility – CSR)တွင် သုံးစွဲရန်လည်း ညှိနှိုင်းထားပါသည်။ စီမံကိန်းမြေဧရိယာ ၁၄၅၃ ဧကအနက် Physical Social Infrastructure ဖြစ်သည့် လမ်း၊ ရေမြောင်း၊ လျှပ်စစ်၊ ကျောင်း စသည်တို့အတွက် မြေဧရိယာ ၄၄၇ ဧကခန့်ကို အသုံးပြုမည်ဖြစ်ပြီး ကျန်မြေဧရိယာ ၁၀၀၆ ဧကကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ကုမ္ပဏီတို့မှ ၂၀:၈၀ ဖြင့်ခွဲဝေမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနမှရရှိသည့် မြေဧရိယာ ၂၀၁ ဧကတွင် တန်ဖိုးနည်းအိမ်ရာယူနစ်

---

[25] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၃-၁၁-၂၀၁၈ ရက်နေ့တွင် ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)၏ မေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားချက် https://www.pyithuhluttaw.gov.mm/qanda-728 မှ ကောက်နုတ်ထားပါသည်။

၄၀၀၀ ခန့် သို့မဟုတ် ငွေးနှင့်ညီမျှသော တန်ဖိုးနည်း၊ တန်ဖိုးသင့် အဆင့်မြင့်အိမ်ရာ ယူနစ် ၃၀၀၀ ခန့်ကို ကုမ္ပဏီမှဆောက်လုပ် လွှဲပြောင်းပေးသွားမည်ဖြစ်ပါသည်။ ကုမ္ပဏီဘက်မှရရှိသည့် မြေဧရိယာ ၈၀၅ ကေတွင် စီမံကိန်းလုပ်ငန်းများကို အပိုင်း ၃ ပိုင်းခွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၇။ စီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၃၄ ခုနှစ်အထိ (၁၅) နှစ် ရေးဆွဲထားပြီး အောက်ပါအတိုင်း အဆင့် (၃) ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) စီမံကိန်း ပထမအဆင့် (၂၀၁၉-၂၀၂၄၊ ပထမ ၅ နှစ်)

(ခ) စီမံကိန်း ဒုတိယအဆင့် (၂၀၂၄-၂၀၂၉၊ ဒုတိယ ၅ နှစ်)

(ဂ) စီမံကိန်း တတိယအဆင့် (၂၀၂၉-၂၀၃၄၊ တတိယ ၅ နှစ်)[26]




**တန်ဖိုးနည်း/တန်ဖိုးသင့်အိမ်ရာစီမံကိန်း အကွက်ချပုံစံ**




**စိုက်ပျိုးရေးနည်းပညာ သုတေသနနှင့် ရုက္ခဗေဒပန်းခြံ အကွက်ချပုံစံ**

26 ဆောက်လုပ်ရေးဝန်ကြီးဌ




**စီးပွားရေးဇုန်၊ ကုန်တိုက်များနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း အကွက်ချက်ပုံစံ**

၁၈။ Eco Green City စီမံကိန်းတွင် မြေဧက ၆၀ ခန့်ကျယ်ဝန်းသည့် ထောက်ပံ့ပို့ဆောင်ရေး ဗဟိုဌာန(Logistic Hub) တစ်ခုကို ထည့်သွင်းဆောင်ရွက်ရန်၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁/၇) ရှိ တိုးဂိတ်အား ရွှေ့ပြောင်းဆောက်လုပ်ရန်နှင့် ကိုရီးယားနိုင်ငံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ညောင်နှစ်ပင်စက်မှုဇုန် (Korea Myanmar Industrial Complex)နှင့် ဆက်စပ်မှုရှိစေရန်စသည်တို့ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၁၉။ စီမံကိန်းဧရိယာတစ်ခုလုံးအား Master Plan ညှိနှိုင်းရေးဆွဲရာ၌ နိုင်ငံတော်မှရရှိမည့် အိမ်ရာ များ၏ အသေးစိတ်ပုံစံများ ပြန်လည်ညှိနှိုင်းခြင်း၊ စီမံကိန်းလမ်းအူကြောင်းများ ပြန်လည်သတ်မှတ် ခြင်းနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အကျိုးအမြတ်ခွဲဝေမှုများရရှိအောင် အသေးစိတ်တွက်ချက် ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။[27]

## Eco Green City စီမံကိန်းမှရရှိနိုင်သည့် အကျိုးကျေးဇူးများ

၂၀။ Eco Green City စီမံကိန်းသည် လှည်းကူးမြို့နယ်တွင် မက်ဂါစီးတီးဖွံ့ဖြိုးမှုနှင့် ရန်ကုန်မြို့ ၌ကြုံတွေ့လာရသည့် အလျားလိုက်ဖြန့်ကြက်လာမှုတို့ကို မဟာဗျူဟာကျသည့် ဖြေရှင်းမှုများ

[27] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၃-၁၁-၂၀၁၈ ရက်နေ့တွင် ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)၏ မေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားချက် https://www.pyithuhluttaw.gov.mm/qanda-728 မှ ကောက်နုတ်ထားပါသည်။

ထဲမှ တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။[28] စီမံကိန်းမြေနေရာ၏ Build-Up ဧရိယာအတွက် ကာလပေါက်ဈေးသည် ကျပ် ၂၀.၁၂ ဘီလီယံခန့်ဖြစ်သော်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်ပါက ကျပ် ၆၂.၈၅ ဘီလီယံခန့်(အကျိုးအမြတ် ကျပ် ၄၂.၇၃ ဘီလီယံခန့်ပိုမို) ရရှိမည်ဖြစ်ပါသည်။

၂၁။ အဆိုပါစီမံကိန်းသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် တည်ရှိနေခြင်း၊ ရန်ကုန်-ပဲခူး-ဧရာဝတီတိုင်းဒေသကြီးတို့၏ လမ်းဆုံတွင်တည်ရှိခြင်း၊ Korea Myanmar Industrial Complex စီမံကိန်းနှင့်ဆက်စပ်လျက်ရှိခြင်း၊ လှည်းကူးမြို့ပြင်ဖွံ့ဖြိုးမှုစီမံကိန်းနှင့် ဆက်စပ်လျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့အတွက် အထောက်အပံ့ဖြစ်စေသော စီမံကိန်းတစ်ခုဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း ပြည်သူလူထုအတွက် ယာယီ အလုပ်အကိုင်အခွင့်အလမ်း ၅၀,၀၀၀ ခန့်နှင့် စီမံကိန်းပြီးစီးပါက အမြဲတမ်းအလုပ်အကိုင် ၁၅,၀၀၀ ခန့်အား ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။[29]

## မြို့ပြများရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၂၂။ မြို့ပြများ တည်ဆောက်ရာတွင် အဆင့်မြင့်မားသည့် မြို့ပြလူနေမှုစနစ်ဝန်ဆောင်မှုများကို လိုအပ်လာသည်နှင့်အမျှ ထိုဝန်ဆောင်မှုများကို ရေရှည်ပံ့ပိုးနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍလည်း ရှိရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ဖြစ်စေသည့် ဓာတ်ငွေ့များထုတ်လွှင့်မှု ၇၀ ရာခိုင်နှုန်းမှာ မြို့ပြများမှ ထုတ်လွှင့်ခြင်းဖြစ်သည့်အတွက် မြို့ပြအာဏာပိုင်များအနေဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်သောဝန်ဆောင်မှုများ ပြောင်းလဲလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။[30]

[28] စီမံကိန်းကြီးလေးခုအနက် ၂၀၁၉ ခုနှစ်မှာ စတင်မဲ့ Eco Green City စီမံကိန်း၊ https://www.buildersguide.com.mm/en/news/mixed-use-and-urban/item/2603-eco-city.html မှကောက်နုတ်ရရှိပါသည်။

[29] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၃-၁၁-၂၀၁၈ ရက်နေ့တွင် ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)၏ မေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားချက် https://www.pyithuhluttaw.gov.mm/qanda-728 မှ ကောက်နုတ်ထားပါသည်။

[30] Ibid

၂၃။ မြို့ပြများ ရေရှည်ဖွံ့ဖြိုးမှုတည်တံ့စေရန်နှင့် သဘာဝဘေးဒဏ်လျော့ပါးစေရန်အတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို (United Nation Office for Disaster Risk Reduction, UNISDR) မှ အောက်ပါအတိုင်း အကြံပြုထားပါသည် -

(က) မြို့တော်တွင် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးများကို ထိထိရောက်ရောက်စီမံခန့်ခွဲနိုင်ရန်အတွက် ဦးဆောင်သူ/ပါဝင်ဆောင်ရွက်မည့်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊

(ခ) ဘေးအန္တရာယ်အတိုင်းအဆ၊ ပြင်းအား၊ အကြိမ်အရေအတွက်၊ ဘေးဒဏ်ခံရနိုင်မှုအလားအလာများကို လက်ရှိအခြေအနေနှင့် လေ့လာဆန်းစစ်ခြင်း၊

(ဂ) သဘာဝဘေးဒဏ်ခုခံနိုင်ရေး လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုစေမည့် ဘဏ္ဍာငွေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း၊

(ဃ) အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်မှုနှင့် စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားထားသည့် သဘာဝဘေးဒဏ်ခုခံနိုင်မည့် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများဆောင်ရွက်ခြင်း၊

(င) ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(စ) အခြေခံ လူမှုအဆောက်အဦများအား ဘေးဒဏ်ခုခံနိုင်စွမ်းမြှင့်တင်ခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ထိထိရောက်ရောက်တုံ့ပြန်နိုင်ရန် ဆောင်ရွက်ခြင်းနှင့်

(ဇ) သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။[31]

## မြို့ပြများကြီးထွားလာခြင်း၏ အားသာချက်နှင့် အားနည်းချက်များ

၂၄။ မြို့ပြများကြီးထွားလာမှုသည် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များကိုလည်း ဖြစ်ပေါ်စေပါသည်။ အားသာချက်များမှာ မြို့၏စီးပွားရေးအရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ပြီး

[31] ကျော်လွင်ဦး(မိုး/ဇလ)၊ သဘာဝဘေးဒဏ်ခုခံနိုင်စွမ်းမြင့်မားပြီး ဖွံ့ဖြိုးတိုးတက်သော မြို့ပြများဆီသို့၊ ၂၄-၁-၂၀၁၈ ရက်နေ့ထုတ် ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်၊ စာမျက်နှာ ၁၂ မှကောက်နုတ်ထားပါသည်။

လူ့စွမ်းအားအရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးပွားလာစေမည်ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစသည်တို့ ပိုမိုထွန်းကားလာပြီး အလုပ်အကိုင်များရရှိကာ မြို့ပြနေပြည်သူတို့၏ဝင်ငွေကို ပိုမိုတိုးတက်စေပါသည်။ ပညာရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုအခွင့်အလမ်းများအရ ကျေးလက်မှမြို့ပြသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ လက်ရှိမြို့ပြပုံစံများသည် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုများရှိလာသကဲ့သို့ အခွင့်အလမ်းများလည်းရှိလာပါသည်။

၂၅။ အားနည်းချက်များအနေဖြင့် မြို့ပြတွင် လူဦးရေအလွန်အကျွံဝင်ရောက်လာမှုကြောင့် အိမ်ရာမလုံလောက်မှုအခက်အခဲဖြစ်ပေါ်ခြင်း၊ မြေဈေးကြီးမြင့်ခြင်း၊ ကျူးကျော်အိမ်ရာများ တိုးပွားခြင်း၊ မူလအခြေခံ အဆောက်အအုံများတိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရန် အသုံးစရိတ်များစွာကုန်ကျခံရခြင်း၊ ရေစီးရေလာကောင်းမွန်မှုမရှိ၍ ရေမြောင်းများပိတ်ဆို့ကာ ရေကြီးရေလျှံမှုများဖြစ်ပွားခြင်း၊ အမှိုက်စွန့်ပစ်မှုများကို စီမံခန့်ခွဲနိုင်မှုမရှိ၍ မြို့၏သန့်ရှင်းမှုဆုတ်ယုတ်ခြင်း၊ လေထုညစ်ညမ်းခြင်း၊ မော်တော်ယာဉ်ပိတ်ဆို့ခြင်း၊ ဒုစရိုက်မှုများတိုးပွားခြင်း စသောအချက်များဖြစ်ပေါ်လာပါသည်။[32]

## မြို့ပြဖွံ့ဖြိုးလာမှုကြောင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုနှင့်အခက်အခဲများ

၂၆။ ဖွံ့ဖြိုးတိုးတက်လာသည့်မြို့ပြများအား အဆင့်မြှင့်တင်ခြင်းနှင့် မြို့ပြစီမံကိန်းအသစ်များတည်ဆောက်ခြင်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများမှာ မြို့ဧရိယာကို ပိုမိုတိုးချဲ့ရန်လိုအပ်ခြင်း၊ ယာဉ်ကြောကြပ်တည်းခြင်း၊ သောက်သုံးရေမလုံလောက်ခြင်း ရေမြောင်းများပိတ်ဆို့၍ရေလျှံခြင်း၊ လျှပ်စစ်ကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံများ မလုံလောက်ခြင်း၊ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် မြေကျွံခြင်း၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်မှုအားနည်းခြင်းနှင့် တရားဥပဒေစိုးမိုးမှုအားနည်းခြင်း စသည်တို့ဖြစ်ပါသည်။

[32] မြင့်မိုရ်ဆွေ၊ မြို့ပြကြီးထွားမှုနှင့် မြို့မငြိမ်း၏ မန်ဒါလီ 13-6-2019၊ http://7daydaily.com/story/158374 မှကောက်နုတ်ထားပါသည်။

၂၇။ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာခြင်း၏ အကျိုးဆက်အဖြစ်လည်း ရာဇဝတ်မှုများ ဖြစ်လာခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက မီးသတ်ယာဉ်များသွားလာရန် အခက်အခဲရှိခြင်း၊ အများပြည်သူသွားလာရေးစနစ်များဖြစ်သည့် ဘတ်စ်ကားများနှင့် မြေပေါ်မြေအောက်ရထားများ တိုးချဲ့ရန် အတားအဆီးများရှိခြင်း၊ Green Space ဟုခေါ်သည့် အစိမ်းရောင်လွင်ပြင်များ နည်းပါး လာခြင်း၊ Community Center များဖြစ်သည့် ဓမ္မာရုံ၊ ဘုရားကျောင်း၊ ဘုရားပုထိုးစေတီ၊ ကလေး အားကစားကွင်း၊ အားကစားရုံ၊ အများပြည်သူအပန်းဖြေရာ ပန်းခြံများနည်းပါးလာခြင်းအစရှိ သည်တို့သည် ဖွံ့ဖြိုးတိုးတက်လာသော မြို့ပြကြီးများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲ များဖြစ်ပါသည်။[33]

၂၈။ မြို့ပြများသို့ရွှေ့ပြောင်းလာသောကြောင့် ကျေးလက်ဒေသရှိ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားအင်အားရှားပါးလာကာ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ကိရိယာများသုံးစွဲလာရခြင်း၊ မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးစသည့် လယ်ယာလုပ်ငန်း၏သွင်းအားစု အရင်းအနှီးများကြီးမားလာပြီး လယ်ယာထုတ်လုပ်မှုစရိတ်များပိုမိုမြင့်တက်လာပါသည်။ ထို့အပြင် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက် မြင့်မားလာမှုကြောင့် ကျေးလက်ဒေသမှ လူငယ်လူရွယ် များစွာသည် မြို့ပြများသို့သာမက ပြည်ပနိုင်ငံများသို့ပါ ထွက်ခွာလျက်ရှိရာ ကျေးလက်ဒေသတွင် လယ်ယာမြေများ၊ သက်ကြီးရွယ်အိုများနှင့် လူမမယ်ကလေးငယ်များသာ ကျန်ရစ်ခဲ့ခြင်းနှင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား စောင့်ရှောက်ရေးလူမှုဘဝများ ကျဆင်းလျက်ရှိ သည့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရပါသည်။[34]

## နိဂုံး

၂၉။ စနစ်ကျသောမြို့ပြစီမံကိန်းရှိသည့် မြို့ကြီးများသည် မြို့ပြပြဿနာများကို ဖြေရှင်းနိုင်စွမ်း ပိုမိုရှိသည့်အတွက် သဘာဝဘေးဒဏ်ခံနိုင်ပြီး ဘက်စုံကောင်းမွန်သောမြို့ပြများဖြစ်စေရန်၊ နယ်မြေ

---

[33] ဇော်နိုင်၊ ရေရှည်တည်တံ့ခိုင်မြဲပျော်ရွှင်ဖွယ်ရာ ရန်ကုန်မြို့ဖြစ်ဖို့၊ Sustainable Development, November 2015 မှ ကောက်နုတ်ထားပါသည်။

[34] မင်းအိမ်ရာ၊ မြို့ပြမှသည် ကျေးလက်ဆီသို့၊ Apr 5, 2019 https://tinyurl.com/yxrpkjyd မှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချနိုင်ရန်နှင့် ဘက်ညီမျှသည့်မြို့ပြများ စနစ်တကျ တည်ဆောက်နိုင်ရန် အစရှိသည်တို့အတွက် ထိရောက်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ ကျင့်သုံးပြဋ္ဌာန်းရန်လိုအပ်လျက်ရှိပါသည်။ အဆိုပါလိုအပ်ချက်များပြည့်မီပါက ပြည်သူလူထုအတွက် ကောင်းမွန်ပြည့်စုံ၍ ရေရှည်ဖွံ့ဖြိုးသည့် သဘာဝပတ်ဝန်းကျင်ရှိသော မြို့ပြကြီးများ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

**ဤစာတမ်းတိုအား ဒေါ်ဝင်းမြတ်မော်(ဒုတိယဦးစီးမှူး)က တာဝန်ယူရေးသားပြုစုထားပြီး သုတေသနဌာနရှိ အရာထမ်းအဆင့်ဆင့်မှ ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။**

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com